# မင်းသိင်္ခ

# မရမ်းတာလင်းလက်ဆောင်
# ဂမ္ဘီရယတြာများ



ဒုတိယတွဲ

# အမှာစာ

ဤယတြာများ သည် မော်ဘီမြို့ အစွန်ရှိ ကျွန်ုပ်၏ မရမ်းတလင်းခြံ တွင် နေ့စဉ်နေ့တိုင်း လက်ဆောင်အဖြစ် အခမဲ့ ဝေငှသော ယတြာများ ဖြစ်ပါသည် ။ မြောက်မြားစွာသော လူများ သည် ဤယတြာများကို အားကိုးတကြီး လာရောက်ယူငင်ကြ၏။ လုပ်ကိုင်ကြ၏။ အဆင်ပြေကုန်ကြ၏။

ထို့ကြောင့် ကျွန်ုပ်၏ မရမ်းတလင်းခြံတွင် အစဉ်သဖြင့် လူစည်ကားလျက်ရှိလေ၏။ သို့သော် သင်က ရောက်မလာခဲ့ပေ။ ဝေးလံသောကြောင့်လည်း ဖြစ်နိုင်၏။ အချိန်မပေးနိုင်သောကြောင့်လည်း ဖြစ်နိုင်၏။ မည်သို့ဖြစ်စေ ကျွန်ုပ်သည် ဤ ယတြာများကို သင်လည်း ရစေချင်၏။ ထို့ကြောင့် ' မရမ်းတလင်းလက်ဆောင် ဂမ္ဘီရယတြာများ ' ဟူ၍ စာအုပ်ရိုက်နှိပ်ခဲ့၏။ ပထမတွဲကို ဖြန့်ချိပြီး ဖြစ်၏။ ယခုစာအုပ်မှာ ထိုစာအုပ်၏ အဆက် ဒုတိယတွဲပင် ဖြစ်၏။

ဤစာအုပ်လက်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား ခြင်းအတွက် ကျွန်ုပ်အနေနှင့် ဝမ်းမြောက်ရပါ၏။ သင်အသုံးပြု ကြည့်၍ သင့်အတွက် အကျိုးရှိသည် ဆိုလျှင် ကျွန်ုပ်အနေနှင့် မည်မျှဝမ်းမြောက်ပီတိဖြစ်မည်ကို ရေးသားဖော်ပြနိုင်ခြင်း မရှိတော့ပါ။

**သဗ္ဗေသတ္တာ ကမ္မသကာ**
**မင်းသိန်း**

***

# ပူလိုက်တဲ့ အိမ် အေးပေရော့

တစ်နေ့သ၌ ကျွန်ုပ်ထံသို့  ဒေါ်လှအေးဆိုသော မိန်းမကြီး တစ်ဦး ရောက်ရှိ လာလေ၏။ ကျွန်ုပ်သည် ၎င်းကို တွေ့လျှင် တွေ့ချင်း-

"ကဲ . . . ဒေါ်လှအေး . . . ဘာတွေဒုက္ခတွေ့လာ ပြန်ပြီလဲ ပြောတော့ . . .၊ ကျုပ်လုပ်ပေးနိုင် တာတွေ ကျုပ်လုပ်ပေး မယ် . . ."

ဟု ပြောလိုက်လျှင် ဒေါ်လှအေးက-

"တခြားမဟုတ်ပါဘူး ဆရာရယ် . . .၊ စီးပွားရေးလည်း ကောင်းပါတယ်၊ ဒါပေမဲ့ အိမ်မှာ က အလွန်ပဲ အိမ်ပူတယ် ဆရာရဲ့ . . .၊ အိမ်က သားအဖနှစ်ယောက်က ညက နိုင်ငံခြားဘောလုံးပွဲ ကြည့် တယ်၊ မနက် လက်ဖက်ရည်ဝိုင်း လည်း ရောက်ရော နိုင်ငံခြား ဘောလုံးပွဲအကြောင်း ငြင်းကြ ခုန်ကြနဲ့ ဆူညံနေတာပဲ၊ မီးဖိုထဲမှာ လည်း သမီးနှစ်ယောက် က လည်း လွင်မိုးချောတယ်၊ လူမင်းချောတယ်နဲ့ ငြင်းကြ ခုန်ကြနဲ့ ကြွက်ကြွက်ကို ညံနေတာပဲ . . .၊ အကြောင်းတစ်ခု မဟုတ်တစ်ခုနဲ့ အိမ်မှာ ဆူညံ နေတာပဲ၊ အဲဒါလေး လုပ်ပေးပါ ဆရာရယ် . . ."

ဟု ပြောလေတော့၏။

"ရှေးကဆရာတွေကတော့ "ကကြီးအလယ်သေ အင်း" ပန်းကန်ပြားမှာ ကပ်ပြီး မီးထွန်း ခိုင်းတယ်၊ အဲဒီလို လုပ်လိုက်ရင် အိမ်ပူတာ ရပ်သွားရော၊ ကျွန်တော်တို့ လက်ထက်မှာ တော့ ဒီလို မ လုပ်တော့ပါ

ဘူး . . .၊ ပန်းကန်ပြားပေါ်မှာ ကကြီးတစ်လုံး ကို ရေးပြီး မီးထွန်းခိုင်းလိုက်တာပါပဲ . . .၊ အိမ်ပူတာရပ် သွားရော၊ ဘာကြောင့် ရပ်သွားတာလဲ ဆိုတာတော့ ကျွန်တော့် ကို မမေးနဲ့ ၊ ကျွန် တော်လည်း မသိဘူး၊ အဲဒီလို လုပ်ရင် အဲဒီလို ရပ်သွားတာပဲ . . . ၊ ဟောဒီမှာ ကြွေပန်းကန်ပြားပေါ်မှာ ကကြီး ရေးပေးလိုက်မယ်၊ အိမ်ပြန်ပြီး မီးထွန်းပေတော့၊ အိမ်မပူဘဲ အေးချမ်းသွားလိမ့်မယ် . . ."

ဟု ပြောကာ ကကြီးရေးထားသော ပန်းကန်ပြားတစ်ချပ် ကို ဒေါ်လှအေးအား ပေး လိုက်လေ ၏။ ဒေါ်လှအေးလည်း ပန်းကန်ပြားကို ပိုက်၍ ပြန်သွားလေတော့၏။

တစ်ပတ်ခန့်ကြာသောအခါ ဒေါ်လှအေး ပြန်ရောက် လာလေ၏။

"အိမ်က အေးသွားလိုက်တာ ဆရာရယ် . . . ၊ အိမ်နီးနားချင်း က တောင် လူတွေမှ ရှိသေးရဲ့ လားလို့ တောင် မေးယူရတဲ့ အထိ ပါဘဲ . . ."

ဟု အားရဝမ်းသာ ပြောလေတော့၏။

"အဲဒီ အကြောင်းလေးတွေ စာအုပ်ရေးပါ ဆရာရဲ့ ၊ ဒါမှ လူတိုင်းသုံး ရမှာ ပေါ့ . . ."

ဟု အကြံပေးလေတော့၏။

"စိတ်ချပါဗျာ . . . ရေးဖြစ်အောင် ရေးမှာ ပါ . . ."

ဟု ကျွန်ုပ်က ကတိပေး လိုက်လေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်

က

***

## ဖယောင်းတိုင်ကိုးတိုင်နှင့် ကိုတင်ရွှေ

တစ်နေ့မှာ ကျွန်ုပ်ဆီကို ရုပ်ရှင်ဇာတ်ကားတွေ ကန်ထရိုက် ယူပြီး ငှားပြတဲ့ ကိုတင်ရွှေဆိုတဲ့ လူတစ်ယောက် ရောက်လာ တယ်။ သူက ကျွန်ုပ်နှင့် အတော်ပဲ ရင်းနှီးတယ်။ ကျွန်ုပ်နှင့် တွေ့လျှင် တွေ့ချင်းပဲ ၎င်းက -

"ဆရာရေ . . . ကျွန်တော်တော့ ရုပ်ရှင်ကန်ထရိုက် ဇာတ်ကား ကန်ထရိုက်လုပ်တာ အရှုံး ကြီးရှုံးပြီး အကြွေးတွေ တင်နေလို့ အိမ်မှာ တောင် မအိပ်ရဲတော့ဘူး . . . ၊ တခြားရှောင်ပြီး အိပ်နေရ တယ်၊ ပိုက်ဆံလည်း တစ်ပြားမှ မရှိလို့ တစ်အိမ်လုံးလည်း ငတ်ကုန်ကြပြီ၊ အမြင်မတော်တဲ့ အိမ်နီး နားချင်းတွေက ဝိုင်းကျွေးကြလို့ ပေါ့ . . . ၊ အဲဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့ သေတာကြာပြီ . . ."

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ရတနာဒီပံ မီးထွန်း အင်းစာရွက်ကိုးရွက်ကို ဖ ယောင်းတိုင်မှာ ပတ်ပြီး ပေးလိုက်တယ်။ အဲဒီမှာ လွတ်နေတဲ့ ကွက်လပ်လေးတစ်ခုမှာ လည်း သူ့ရဲ့ မွေးနံကို ရေးထည့် ပေးလိုက်တယ်။

"တစ်နေ့ တစ်တိုင်ထွန်းရမယ် . . . ၊ ကိုးရက်ထွန်းရ မယ် . . . ၊ ကိုးရက်လုံးလည်း ဥပုသ် စောင့်ရမယ်၊ ကိုးရက် အတွင်းမှာ လည်း မေတ္တာပို့တဲ့ အလုပ်ကို လေးလေးနက်နက် လုပ်ရမယ် . . ."

လို့ မှာ ကြားလိုက်တယ်။ ကိုတင်ရွှေဟာ အားရဝမ်းသာ ပြန်သွားတယ်။ ကျွန်ုပ်မှာ လိုက်တဲ့ အ တိုင်းလည်း လုပ်မယ့်ပုံပါ ပဲ။ နှစ်ပတ်လောက်ကျော်တော့ ကျွန်ုပ်ထံ ပြန်ရောက်လာ တယ်။

"ဆရာလေးလုပ်ပေးလိုက်တာ အဆင်ပြေသွားပြီ၊ ကျွန်တော်ကလည်း ဆရာမှာ တဲ့ အတိုင်း အတိအကျကို လုပ်ပါ တယ်၊ ကျွန်တော်နဲ့ အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီဟောင်း တစ်ခုက လည်း စပေါ်ငွေ မယူဘဲ ကားထုတ်တစ်ထုတ် အလကားပေး လိုက်တယ်။

အဲဒီကားက ထပြီးပေါက်တော့တာပဲ၊ ကျွန်တော့် အနေနဲ့ ဆပ်စရာရှိတဲ့ အကြွေးတွေကိုလည်း အကုန်ဆပ်နိုင် ပါပြီ၊ အခုတော့ အိမ်မှာ အေးအေးဆေးဆေး အိပ်လို့ ရပါပြီ၊ ကြွေးရှင်တွေကိုလည်း ရှောင်နေစရာ မလိုတော့ပါဘူး . . . ၊ အလုပ်ကလည်း ပြန်ပြီး လည်ပတ်သွားပြီ၊ အဲဒါကြောင့် ဆရာ က ဆီးချိုရှိတယ်ဆိုလို့ မန္တလေးက အလွန်ချိုတဲ့ လမုန့် တွေ ဆရာ့အတွက် ဝယ်လာတယ်၊ မြေနီ ကုန်း 'တို့ မိတ်တွေ' ဆိုင်က ကုလားမလိုင်လုံးတွေ ဝယ်လာတယ် . . ."

ဟု ဆိုကာ ဆီးချိုတက်မည့် လမုန့်များ ၊ မလိုင်လုံးများကို ကျွန်ုပ်အား လက်ဆောင်ပေးလေ ၏။

ထို့နောက် ကိုတင်ရွှေက-

"အဲဒီစာရွက်ကလေးက ဖယောင်းတိုင်မှာ ပတ်ပြီး မီးထွန်း ရတာ ကျွန်တော်တစ်ယောက် တည်းအတွက်လား၊ စီးပွားရေး ဦးမမော့တဲ့ လူတိုင်းအတွက် လုပ်လို့ ရသလား . . ."

ဟု မေးလေ၏။

"လူတိုင်းနဲ့ ဆိုင်တာပေါ့ဗျာ . . . ၊ ခင်ဗျားတစ်ယောက် တည်းအတွ

က် ဘယ်ဟုတ်မလဲ . . .၊ ရှေးက ဆရာတွေ လုပ်ခဲ့ တာဗျ . . .၊ ကျူပ်ထွင် ထားတာ ဘယ်ဟုတ်မလဲဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဥင်းကိုတင်ရွှေက-

"လမ်းထဲမှာ ကျွန်တော့် မိတ်ဆွေတစ်ယောက်ရှိတယ်၊ ကျွန်တော့်လို ပဲ ဒုက္ခရောက်နေတယ်၊ သူ့ကို ကျွန်တော် လုပ်ပေး လိုက်မယ် . . ."

ဟု ပြောသဖြင့် ကျွန်ုပ်က-

"သာခုဗျာ . . . အဲဒီလို စိတ်ကောင်းမွေးမှ ပေါ့ . . ."

ဟု ပြောလိုက်ရလေတော့သတည်း။

**သဗ္ဗေသတ္တာ ကမ္မဿကာ**
**မင်းသိခ်**



***